# AA၊ MNDAA နှင့် PSLF/TNLA ထိပ်သီးခေါင်းဆောင်များအစည်းအဝေး သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်

၁။ ရက္ခိုင့်တပ်မတော်(AA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(ကိုးကန့်တပ်မတော်)(MNDAA) နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA) မဟာမိတ်အဖွဲ့အစည်းများ၏ထိပ်သီးခေါင်းဆောင်တို့သည် ၂၀၁၅ - ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့မှ (၁၀)ရက်နေ့အထိ (၂)ရက်တိုင်တိုင် လွတ်မြောက်နယ်မြေတစ်နေရာ၌ မဟာမိတ်ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ကြပါသည်။ မဟာမိတ်ထိပ်သီးအစည်းအဝေးတွင် လက်ရှိနိုင်ငံရေး၊ စစ်ရေးကိစ္စရပ်များကို အချင်းချင်းရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြပါသည်။

၂။ မကြာမီကာလအတွင်းကျင်းပမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရန် မြန်မာအစိုးရကို တိုက်တွန်းတောင်းဆိုပါသည်။ ထိုရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့်အစိုးရသည် တိုင်းရင်းသားလူမျိုးများနှင့်ဖြစ်ပွားနေသော နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများကို ပင်လုံကတိကဝတ်ကိုအခြေခံပြီး ကိုင်တွယ်ဖြေရှင်းရန် ကျွန်ုပ်တို့လိုလားပါသည်။

၃။ ကျွန်ုပ်တို့ မဟာမိတ်အဖွဲ့အစည်းသုံးဖွဲ့တို့သည် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြန်အလှန် အသိအမှတ်ပြုပြီး နိုင်ငံရေး၊ စစ်ရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၄။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် NCA သည် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးသည့်စာချုပ်တစ်ခုဖြစ်ပြီး ရရှိထားသည့် ထိုသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးပါဝင်ပြီး တပြိုင်နက်တည်း အတူတကွလက်မှတ်ရေးထိုးကြရန်ဟူသော လိုင်ဇာ၊ လော်ခီးလာ အစည်းအဝေးများတွင် ချမှတ်ခဲ့သည့်မူအတိုင်း အခိုင်အမာရပ်တည်သွားမည်ဖြစ်ပါသည်။

၅။ ကိုးကန့်တပ်မတော်(MNDAA)မှ တစ်ဖက်သတ်အပစ်ရပ်စဲခြင်း၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(PSLF/TNLA)မှ စစ်ရှိန်လျှော့ချရန်ကြေညာခြင်းနှင့် မဟာမိတ်သုံးဖွဲ့ပေါင်းပြီး မြန်မာအစိုးရအား အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန်ကမ်းလှမ်းခြင်းတို့ကိုပြုလုပ်ခဲ့သော်လည်း မြန်မာအစိုးရမှ ကျွန်ုပ်တို့တိုင်းရင်းသားဒေသများအား အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်နေသည်ကို မြန်မာပြည်ငြိမ်းချမ်းရေးဖြစ်စဉ်အား နှောင့်ယှက်ဖျက်ဆီးနေသည့် လုပ်ရပ်အဖြစ် ကျွန်ုပ်တို့မဟာမိတ်ထိပ်သီးခေါင်းဆောင်များအစည်းအဝေးက အပြင်းအထန်ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာလိုက်ပါသည်။

| AA | MNDAA | PSLF/TNLA |
|---|---|---|
| ရက္ခိုင့်တပ်မတော် | မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |